သရုပ်ဖော်ပန်းချီ.... ဆရာလေး

Australian Aid
DANIDA
EUROPEAN UNION
NORWEGIAN EMBASSY
UKaid from the British people
unicef unite for children

# ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်သည်လူငယ်များအတွက် ဘဝတွက်တာအခြေခံကျွမ်းကျင်မှုများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာတန်ဆောင်အဖွဲ့ UNICEFတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြုကျောင်းပြင်ပရောက်ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ပညာသင်ယူခြင်းအစီအစဉ်(EXCEL) တွင်ပါဝင်သောကလေးများကိုယ်တိုင်ပါဝင်ပြီး Mr.Gregory Carl (ဘဝတွက်တာအခြေခံကျွမ်းကျင်မှုပညာပေးခြင်း အစီအစဉ်အတိုင်ပင်ခံပုဂ္ဂိုလ်)၏ ဦးဆောင်မှု၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကရုဏာမြန်မာလူမှုရေး အသင်း၊မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမအသင်း၊ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျောင်းပြင်ပမူလတန်းပညာရေးစသည်တို့မှ ပံ့ပိုးကူညီမှုဖြင့် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါဝင်ခဲ့ကြသော ဇာတ်လမ်းပြုစုသူများဖြစ်ကြသည့် မပဟီးမိုး (ဒီမောဆိုး)၊ မောင်ဖရီးရယ်(ဒီမောဆိုး)၊ မောင်ဂျပ်စတင်းငယ်ငယ် (ဒီမောဆိုး)၊ မဖြူအောင် (သထုံ)၊ မမီးပု(သထုံ)၊ မောင်ထွန်းအောင်ကျော်(သထုံ)၊ မရီရီဝင်း (လှိုင်သာယာ)၊ မောင်သန်းဇော် (လှိုင်သာယာ)၊ မောင်ဝင်းကိုကိုထွန်း(လှိုင်သာယာ)၊ မောင်မျိုးဇင်ခိုင်(လှိုင်သာယာ)၊ မောင်မျိုးဝင်းအောင် (လှိုင်သာယာ)၊ မောင်ဇေယျာလင်း (ကော့မှူး)၊ မခင်စောမူ(ကော့မှူး)၊ မခိုင်သဇင်မိုး(ကော့မှူး)၊နန့်ဥမ္မာထွေး(မြောင်းမြ)၊ နော်အယ်ဒိုလား (မြောင်းမြ)နှင့် ဆရာ ဦးအောင်ကျော်ကျော်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်လည်းကောင်း၊ ကွင်းဆင်းစမ်း သပ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ပါဝင်ကူညီပေးခဲ့သည့် ပညာတန်ဆောင်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊EXCELအဖွဲ့ဝင်များ၊မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများနှင့် ကျောင်းပြင်ပကလေးများအားလုံးတို့အား အထူးကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်အပ်ပါသည်။

# အမှာစာ

ဒီစာအုပ်မှာ လူငယ်လူရွယ်တွေ့ကြုံရလေ့ရှိတဲ့ အကြောင်းအရာများ၊ အခက်အခဲများ၊ ဖြေရှင်းပုံများကို ဇာတ်လမ်းဖြစ်အောင်ပြုစုထားပါတယ်။

ဒီစာအုပ်ကိုဖတ်ပြီး နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ခြင်း၊ လူငယ်အချင်းချင်း စုပေါင်း ဆွေးနွေးခြင်းများ ပြုလုပ်ကြဖို့လဲ မေတ္တာရပ်ခံပါတယ်။

လူငယ်များဘဝတွက်တာသိမှတ်စရာတွေ တိုးတက်လာအောင် ဇာတ်လမ်းကို သေသေချာချာ ဖတ်ပါ။ နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ပါ။ သိရှိလာတဲ့ အသိပညာ၊ သတင်းအချက်အလက် တွေကို နေ့စဉ်ဘဝမှာ ပြန်လည်ပြီးလက်တွေ့ အသုံးပြုပါ။

အခက်အခဲပြဿနာတွေကို လူငယ်တို့ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ ဒီစာအုပ်က ဘဝလမ်းညွှန်အဖြစ် အကူအညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ရွှေလင်ပန်းရွာကလေးရဲ့သီတင်းကျွတ်လပြည့်ညဟာ သာယာပြီး လူငယ်လူရွယ်အားလုံး ပျော်ပျော်ပါးပါးနဲ့
မီးထွန်းပွဲတော်ကျင်းပနေကြတယ်၊ မီးပုံးပျံတွေလည်းလွှတ်ကြတယ်။
အဲဒီအချိန်မှာ မျိုးဝင်းအောင်နဲ့သဇင်မိုးတို့ကတော့ ရွာအနောက်ပိုင်းက ကုက္ကိုပင်ကြီးအောက်မှာ
ချိန်းတွေ့နေကြတယ်။




““ ဒီလို နှစ်ယောက်ထဲ
စကားပြောရတာ
မောင်မပျော်ဘူးလားဟင် ””
““ ပျော်တာပေါ့မိုးရယ် ””

အဲဒီအချိန်မှာ ......
“““တောက်တဲ့၊ တောက်တဲ့ ”””
ကျယ်လောင်စူးရှတဲ့ အသံက ရုတ်တရက်ပေါ်လာလို့ သဇင်မိုး လန့်သွားပြီး မျိုးဝင်းအောင်ကို ဖက်လိုက်မိတယ်။




သဇင်မိုးကိုပြန်ပြီးဖက်ထားရင်း မျိုးဝင်းအောင်ရဲ့
ရင်ခုန်သံတွေ မြန်လာတယ်။
““မောင်ရယ်
အရမ်းချစ်တာပဲ၊
ဒီလိုပဲအမြဲပွေ့ဖက်
ထားချင်တယ်””
သဇင်မိုးရဲ့ချိုမြိန်တဲ့စကားက ဘလောင်ဆူနေတဲ့
သူ့စိတ်တွေကို စိန်ခေါ်နေတယ်။



ညကလည်း တိတ်ဆိတ်နေတယ်၊ မျက်စိကိုစုံမှိတ်ပြီး ရှေ့တစ်လှမ်းတိုးဖို့ ကြံစည်နေတုန်း…

““ထွေးထွေးရေ၊ ကိုယ့်ကိုခွဲသွားပြီလား အချစ်ရဲ့”” ဆိုတဲ့ငိုသံက နားထဲမှာ ပဲ့တင်ထပ်လာတယ်။

အိမ်နီးချင်းထွေးထွေး တစ်ယောက် ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပြီး ကလေး မမွေးနိုင်ဘဲ ဆုံးသွားတယ်။ ကလေးရော မိန်းမပါ ဆုံးပါးသွားလို့ အောင်အောင်ရဲ့ အော်ဟစ်ငိုကြွေးနေသံ တွေကို ကြားယောင်မိတယ် ။


သူချစ်ရတဲ့သဇင်မိုးကို ထွေးထွေးလိုအဖြစ်မျိုး ကြုံမှာ အရမ်းစိုးရိမ်သွားတယ်။
ဒါကြောင့် . . . .
““မိုးရယ်၊ ညဥ့်နက်လာပါပြီ၊ အချစ်ရဲ့အသားတွေလည်း အေးစက်နေတာပဲ၊
တော်ကြာအအေးမိပြီး ဖျားနေဦးမယ်၊ အိမ်ပြန်ကြစို့နော်””
““ဟင့်အင်း မပြန်ချင်ဘူး၊
မောင်နဲ့ပဲ တစ်ညလုံးနေမယ်””


“““ညော်မိုးရယ်၊ မောင်နဲ့မိုးတို့က ငယ်သေးတယ်လေ၊
မောင်တို့အိမ်ဘေးကထွေးထွေးကို မိုးသိပါတယ်နော်။
သူငယ်ငယ်ရွယ်ရွယ်နဲ့မရည်ရွယ်ဘဲအိမ်ထောင်ကျပြီး
ကလေးမမွေးနိုင်ဘဲသေသွား တာလေ။
မိုးကိုလည်း ထွေးထွေးလိုဖြစ်မှာ
စိုးရိမ်တယ်ကွယ်၊ ဒါကြောင့်
ရှေ့မတိုးဘဲသမီးရည်းစားအချစ်နဲ့ပဲ
ကျေနပ်ကြရအောင်နော်”””
“““အို..မောင်ကလဲဘာတွေ
တွေးပူနေတာလဲ၊
တစ်ခါလေးပဲဟာ ဘယ်လို
ကိုယ်ဝန်ရမှာ လဲလို့”””



““““တစ်ခါတည်းဆက်ဆံတာနဲ့လည်း
ကိုယ်ဝန်ရနိုင်တယ်လို့ကျန်းမာရေး
ဟောပြောပွဲတွေမှာကြားဖူးတယ်
မိုးရဲ့

ပြီးတော့မောင်တို့မှာလည်း ဘာအကာအကွယ်မှ
မပါဘူးလေ၊

အခုအချိန်မှာကိုယ်ဝန်ရှိသွားရင် မိုးက
စက်ချုပ်သင်တန်းတက်၊ အကျီချုပ်ဆိုင်ဖွင့်၊
မောင်က စတိုးဆိုင်ဖွင့်မယ်ဆိုတဲ့
မောင်တို့ရဲ့ရည်မှန်းချက်တွေလည်း
ပျက်စီးကုန်မှာပေါ့””””

သဇင်မိုးဟာ ကိုယ်ဝန်မဆောင်သင့်တဲ့အရွယ်မှာ ကိုယ်ဝန်ဆောင်ရင် ကျန်းမာရေး ထိခိုက်မယ်၊ အသက်ပါ ဆုံးရှုံးနိုင်တယ်ဆိုတာကို တွေးမိသွားတယ်။ ဆယ်ကျော်သက်အရွယ်မှာ ကိုယ်ဝန်ဆောင်ရင်ဘယ်လို ဆိုးကျိုးတွေ ရနိုင်တယ်ဆိုတာ ဆက်ပြီး စဉ်းစားမိတယ်။





ချစ်သူနှစ်ဦးဟာ ကုက္ကိုပင်ကြီးကိုကျောခိုင်းပြီး ထွက်ခွာခဲ့ကြတယ်။ သူတို့နှစ်ဦးရဲ့ စောင့်စည်းတဲ့ အချစ်ကြောင့် သီတင်းကျွတ်ညဟာ ပိုပြီး တင့်တယ်လာပါတယ်။

ချစ်သူနှစ်ဦးကလည်း လပြည့်ညရဲ့ရင်ခုန်သံကို တစ်သက်လုံး မေ့နိုင်တော့မှာ မဟုတ်ပါဘူး။

ပြီး



# လပြည့်ညရဲ့ ရင်ခုန်သံ



၁။ အကယ်၍ ချစ်သူနှစ်ဦးလိင်ဆက်ဆံခဲ့မိပါက ဘာတွေဖြစ်မယ်လို့ထင်သလဲ။

၂။ ကိုယ်ဝန်ရှိလာခြင်းကြောင့် သူတို့ရဲ့ရည်မှန်းချက်တွေနဲ့ အနာဂတ်မှာ ဘယ်လိုအကျိုးသက်ရောက် မှုတွေဖြစ်မလဲ။

၃။ အတူနေမစောဖို့ အိမ်ထောင်ပြုမမြန်ဖို့ အမျိုးသားက သူ့ချစ်သူသဘောပေါက်အောင် ဘယ်လို ရှင်းပြခဲ့သလဲ။

၄။ ဒီဇာတ်လမ်းကတဆင့် လူငယ်တွေအတွက် ဘာသတင်းအချက်အလက် သင်ခန်းစာတွေ ရခဲ့သလဲ။

# ကျောင်းပြင်ပကလေးများ ကိုယ်တိုင်ပြုစုထားသော စာအုပ်များ


















































































